BRONSON

စတင်အကျုံးဝင်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 29 ရက်
ပြန်လည်သုံးသပ်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်
ပြန်လည်ပြင်ဆင်သောနေ့- 2023 ခုနှစ်၊ မတ်လ 8 ရက်

# BRONSON ငွေတောင်းခံခြင်းနှင့် စုဆောင်းခြင်းမူဝါဒ

## ရည်ရွယ်ချက်

လူတိုင်းသည် မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုန်ကျစရိတ်များကို ပေးချေနိုင်ခြင်းမရှိကြောင်း Bronson Healthcare Group (Bronson) ဆေးရုံဆေးခန်းများ (Bronson Battle Creek ဆေးရုံ၊ Bronson Lakeview ဆေးရုံ၊ Bronson Methodist ဆေးရုံ နှင့် Bronson South Haven ဆေးရုံ၊ တစ်စုတစ်စည်းတည်းအားဖြင့် "ဆေးရုံများ") က သိရှိထားပါသည်။ Bronson နှင့် ၎င်းခန့်အပ်ထားသော ဆရာဝန်များ၏ ၎င်းတို့ လူမှုအသိုင်းအဝန်းများအပေါ် ထားရှိသော အခွန်ကင်းလွတ်ခွင့် ရရှိစေရေးနှင့် ကတိကဝတ်ပြုမှုနှင့်အညီ ၎င်းတို့သည် လူတို့၏ ငွေကြေးအင်အားက ဆေးပညာအရလိုအပ်သော ကုသမှုပြုလုပ်ခြင်း သို့မဟုတ် ရယူခြင်းအတွက် အတားအဆီးမဖြစ်အောင် ကြိုးစားပါသည်။ ဆေးရုံများသည် အကူအညီလိုအပ်နေသူများအတွက် လိုအပ်သော အကူအညီပေးရမည်ဟူသော တာဝန်ကို သိရှိနားလည်သည်။ ၎င်းတို့မှ အရေးပေါ် သို့မဟုတ် ဆေးဝါးဆိုင်ရာ လိုအပ်သော ဝန်ဆောင်မှုများကို ငွေပေးချေနိုင်မှု ရှိမရှိပေါ် မမူတည်ဘဲ ထောက်ပံ့ပေးလျက်ရှိသည်။

လူနာများအနေဖြင့် ဆေးကုသဝန်ဆောင်မှုများအတွက် ၎င်းတို့၏ Bronson ငွေပေးဆောင်ရမည့်ပမာဏများအတွက် တာဝန်ယူပေးရန် မျှော်လင့်ပါသည်။ လူနာများအနေဖြင့် Bronson ထံ တိကျပြည့်စုံသော လူဦးရေစာရင်းနှင့် အာမခံအချက်အလက်များ၊ အချိန်မီငွေပေးချေမှုနှင့် သဘောတူထားသည့် ငွေပေးချေမှုအစီအစဉ်များကိုလိုက်နာရန်၊ သို့မဟုတ် ဆေးကုသမှုတွင် စာရင်းသွင်းရန်တာဝန်ရှိသည်။ လူနာများသည် ဝန်ဆောင်မှုရရှိသည့်အချိန် သို့မဟုတ် ပြောင်းရွှေ့ချိန်တွင် Bronson အား မှန်ကန်သည့် စာပို့လိပ်စာနှင့် ဖုန်းနံပါတ်တို့ပေးရမည်ဖြစ်သည်။

## မူဝါဒ

Bronson သည် လူနာများအားလုံးအနေဖြင့် တိကျမှန်ကန်သော အချက်အလက်များ ပေးရန် မျှော်လင့်ပါသည်။ Bronson သည် ပေးအပ်လိုက်သော ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများအားလုံးအတွက် လူနာ၏အာမခံကုမ္ပဏီကို ငွေတောင်းခံပါမည်။ Bronson သည် လူနာများအနေဖြင့် ငွေမပေးချေမှုကို ဖြေရှင်းနိုင်ရန် အာမခံကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်ရန် အားပေးပါသည်။ Bronson သည် ဝန်ဆောင်မှုများအတွက် ပူးတွဲပေးချေမှုများ၊ ကနဦးစိုက်ထုတ်ရမည့် ငွေပမာဏနှင့် အာမခံအတွက် ပူးတွဲပေးဆောင်ရသော ငွေပမာဏများအပါအဝင် လူနာ တာဝန်ဝတ္တရားအတွက် လူနာများထံမှ ငွေတောင်းခံမည်ဖြစ်သည်။

Medicare လူနာများအတွက်- Medicare သည် "Medicare အကျိုးခံစားခွင့်များရှင်းလင်းချက်" (EOMB) ကိုပေးပို့လိမ့်မည်။ ဤတွင် Medicare မှ ပေးချေသည့်ပမာဏကို ဖော်ပြမည်ဖြစ်သည်။ သင်သည် EOMB ကို လက်ခံရရှိမထားပါက တောင်းဆိုရန်အတွက် Medicare (1-800-MEDICARE) သို့ ဆက်သွယ်ပါ။

BRONSON

စတင်အကျိုးဝင်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 29 ရက်
ပြန်လည်သုံးသပ်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်
ပြန်လည်ပြင်ဆင်သောနေ့- 2023 ခုနှစ်၊ မတ်လ 8 ရက်

လူနာပေးချေမှု လက်ကျန်များအတွက်- ကိုယ်တိုင်ပေးဆောင်ရမည့်လက်ကျန်ကို ပေးချေထားခြင်းမရှိလျှင် ပေးဆောင်ရန်ရှိသောလက်ကျန်ပမာဏကို ကောက်ယူရန် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

- အကောင့်တစ်ခုတွင် ကြွေးတင်ငွေလက်ကျန်ရှိနေပါက တာဝန်ရှိသည့်ပုဂ္ဂိုလ်ထံ Bronson က အနည်းဆုံး ထုတ်ပြန်ချက် (3) ခု ထုတ်ပြန်ပေးမည်ဖြစ်သည်။ ထုတ်ပြန်ချက်များကိုစာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းဖြင့်ဖြစ်စေ ပေးပို့မည်ဖြစ်သည်။
- Bronson သည် ငွေရေးကြေးရေး အကူအညီ ရရှိနိုင်မှုနှင့်ပတ်သက်၍ သင့်တော်သည့် အသိပေး အကြောင်းကြားချက်ကို ပြုလုပ်ပြီးသည့်နောက်တွင်သာ အရေးယူဆောင်ရွက်မှုကို ပြုလုပ်မည်ဖြစ်သည်။
- ပုံမှန်မဟုတ်သော စုဆောင်းမှုလုပ်ဆောင်ချက် (ECA များ) တစ်ခုခုကို စတင်မလုပ်ဆောင်မီ အနည်းဆုံး ထုတ်ပြန်ချက်တစ်ခုတွင် ကောက်ခံရေးအဖွဲ့အစည်းထံသို့ လွှဲပြောင်းတာဝန်ပေးအပ်မှုနှင့် ပြုလုပ်နိုင်ခြေရှိသည့် ECA များနှင့်ပတ်သက်သည့် သတိပေးချက်ကို ထည့်သွင်းဖော်ပြမည်ဖြစ်သည်။ ထုတ်ပြန်ချက်ကို မည်သည့် ECA များကိုမဆို မစတင်မီ အနည်းဆုံး ရက် ၃၀ အလိုတွင် ထုတ်ပေးမည် ဖြစ်သည်။ Bronson ငွေကြေးထောက်ပံ့မှုဆိုင်ရာ ရိုးရှင်းသောဘာသာစကားဖြင့် ဖော်ပြသည့် အကျဉ်းချုပ်ကို ဤအသိပေးအကြောင်းကြားချက်တွင် အတူတကွ ထည့်သွင်းပေးမည်ဖြစ်သည်။ ဤသို့သင့်တော်သည့် ကြိုးပမ်းမှုများကို ကောက်ခံရေးအဖွဲ့အစည်းအား တာဝန်ပေးခြင်း သို့မဟုတ် ECA များ စတင်လုပ်ဆောင်ခြင်း မပြုမီ ကြိုတင်လုပ်ဆောင်မည်ဖြစ်သည်။
- ECA များတွင် ကြွေးမြီရေးရာဌာနများသို့ တိုင်ကြားခြင်းနှင့် တရားရေး သို့မဟုတ် ဥပဒေရေးရာ အရေးယူလုပ်ဆောင်ချက်များ (အာမခံအဖြစ် ပစ္စည်းအား သိမ်းယူခြင်း သို့မဟုတ် လုပ်အားခ အစိတ်အပိုင်းကို အကြွေးဖြင့်ခုနှိမ်ကောက်ခံခြင်းကဲ့သို့) ပါဝင်သည်။
- Bronson သည် ငွေပေးချေမှုအတွက် မည်သည့်အဓိကနေထိုင်ရာနေရာ သို့မဟုတ် အဓိကအသုံးပြုသည့် ယာဉ်ကိုမှ သိမ်းယူမည် မဟုတ်ပါ။
- Bronson သည် ငွေမပေးချေမှုအတွက် သင့်အား အဖမ်းခံရစေမည် မဟုတ်ပါ။

Bronson ထံပေးထားသည့် လူနာ၏လိပ်စာနှင့် ဖုန်းနံပါတ်တို့က မှန်ကန်မည်ဟု မျှော်လင့်ပါသည်။ သတိပေးချက်ကို မှတ်တမ်းပါလိပ်စာထံသို့ ပေးပို့ခြင်းဖြစ်လျှင် ဥပဒေပါ ပုဒ်မ 501(r) (5) နှင့်အညီ ၎င်းကို သင့်တော်သည့် ကြိုးပမ်းမှုများဖြစ်ကြောင်း ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အကြွေးအစီရင်ခံခြင်းသည် ကောက်ခံရေးအဖွဲ့အစည်း၏ ဖော်ပြရက်စွဲမှ 365 ရက်နောက်ပိုင်းတွင် (ရရှိထားသည့် ဝန်ဆောင်မှုများအတွက် ပထမဆုံးအကြိမ် ငွေတောင်းခံသည့် ထုတ်ပြန်ချက်မှအနည်းဆုံး 210 ရက်အကြာတွင်) စတင်နိုင်သည်။ ထပ်ဆောင်း ဥပဒေကြောင်း သို့မဟုတ် တရားရေး ဆောင်ရွက်ချက်များသည် ကောက်ခံရေးအဖွဲ့အစည်းမှ ဖော်ပြသည့်ရက်စွဲမှ 120 နောက်ပိုင်းတွင် (ရရှိထားသည့် ဝန်ဆောင်မှုများအတွက် ပထမဆုံးအကြိမ် ငွေတောင်းခံသည့် ထုတ်ပြန်ချက်မှအနည်းဆုံး 240 ရက်အကြာတွင်) စတင်နိုင်သည်။

BRONSON

စတင်အကျိုးဝင်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 29 ရက်
ပြန်လည်သုံးသပ်သောနေ့- 2015 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်
ပြန်လည်ပြင်ဆင်သောနေ့- 2023 ခုနှစ်၊ မတ်လ 8 ရက်

ကောက်ခံရေးအဖွဲ့အစည်းထံ တင်ပြထားသည့် အကောင့်နှင့်ပတ်သက်သည့် ငွေရေးကြေးရေး အကူအညီအတွက် လျှောက်ထားမှုကို 240 ရက်ထက်နောက်မကျဘဲ ပြုလုပ်ပါက Bronson သည် ကောက်ခံရေးလုပ်ဆောင်ချက်ကို ရုံးဖွင့်ရက် 30 ရက်ကြာ ဆိုင်းငံ့မည်ဖြစ်သည်။

ECA များကို စတင်လုပ်ဆောင်ပြီးဖြစ်လျှင် ၎င်းတို့ကို ပြန်လည်ရပ်ဆိုင်းစေနိုင်သည်။ ငွေရေးကြေးရေး အကူအညီကို တစ်စိတ်တစ်ပိုင်းလျှော့ချမှုပြုလုပ်ရန်ဖြစ်လာပါက လက်ကျန်ပမာဏအသစ်အား ဖော်ပြထားသည့် စာကို ပေးပို့မည်ဖြစ်သည်။ လူနာက လျှောက်လွှာအချက်အလက်များကို ပြည့်စုံစွာမဖြည့်လျှင် သို့မဟုတ် ငွေရေးကြေးရေး အကူအညီအတွက် အရည်အချင်းမပြည့်မီလျှင် လျှောက်ထားသူထံ ငြင်းပယ်လွှာပေးပို့မည်ဖြစ်ပြီး အေဂျင်စီအနေဖြင့် ငွေကောက်ခံမှုကို ပြန်လည်လုပ်ဆောင်မည်ဖြစ်သည်။

မည်သည့် ECA မဆို မစတင်မီ ကိုက်ညီသည့်အကောင့်များတွင် ထိုက်သင့်သည့်ကြိုးပမ်းမှုရှိကြောင်း သေချာစေရန် Bronson ငွေကြေးထောက်ပံ့မှုဆိုင်ရာဝန်ထမ်းများနှင့် စီမံဌာနတို့တွင် တာဝန်ရှိသည်။ Bronson နှင့်၎င်း၏ ပြင်ပ ငွေတောင်းခံသော အေဂျင်စီများက ငွေမပေးချေသော အကောင့်များကို အကြွေးမှတ်တမ်း အေဂျင်စီများထံ သတင်းပို့ရန်၊ တရားစွဲခြင်း၊ အကြွေးဆပ်ခိုင်းခြင်းအတွက် လျှောက်ထားရန်၊ တရားမျှတသော ရပိုင်ခွင့်များ ရယူရန်နှင့် အဆိုပါ တရားမျှတသော ရပိုင်ခွင့်များကို တရားဝင် ငွေတောင်းခံမှုနည်းလမ်းများ အသုံးပြုကာ ဆောင်ရွက်ရန် အခွင့်အာဏာ ရှိပါမည်။ Bronson နှင့် ခွင့်ပြုထားသည့် ပြင်ပ ငွေတောင်းခံသော အေဂျင်စီများက အခြားဆောင်ရွက်ချက်များလည်း ပြုလုပ်နိုင်ပြီး ထိုအထဲတွင် ဖုန်းဆက်ခြင်း၊ အီးမေးလ်၊ မက်ဆေ့ချ်၊ စာဖြင့်အသိပေးချက်နှင့် အခြားအရာများ ပါဝင်ကာ ပေးအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အတွက် ငွေပေးချေမှု ရယူရန် ထောက်လှမ်းမှု မပြုလုပ်ဘဲနေနိုင်ပါသည်။

**<u>နောက်ဆက်တွဲ A</u>**

**Bronson ငွေရေးကြေးရေး အကူအညီ ဝက်ဘ်ဆိုက်**

ဆက်သွယ်ရန်အချက်အလက်များနှင့်အတူ အင်္ဂလိပ်၊ စပိန်၊ အာရဘီနှင့် မြန်မာ ဘာသာဖြင့် ငွေရေးကြေးရေး အကူအညီ အကျဉ်းချုပ်၏ အခမဲ့နှင့် ပုံနှိပ်မိတ္တူများ၊ Bronson ငွေရေးကြေးရေး အကူအညီ မူဝါဒနှင့် Bronson ငွေရေးကြေးရေး အကူအညီ လျှောက်လွှာနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် https://www.bronsonhealth.com/financialassistance သို့ သွားရောက်ကြည့်ရှုပါ။

**Bronson ငွေတောင်းခံမှုဌာန**

1-800-699-6117 တနင်္လာ – သောကြာ မနက် 8:30-ညနေ 5:30

**Bronson ငွေကြေးအထောက်အပံ့ စာပို့ရန်လိပ်စာ**

Bronson Healthcare အုပ်စု
ဆေးရုံလူနာ ငွေစာရင်းဌာနထံသို့ လိပ်မူ- SP
601 John St - Box J
Kalamazoo, MI 49007-5341

**Bronson ဘဏ္ဍာရေးတိုင်ပင်ဆွေးနွေးမှုဌာနများ**

ဆေးရုံတွင်ရှိနေစဉ် ငွေကြေးအထောက်အပံ့လိုအပ်သော လူနာများအတွက် သို့မဟုတ် လျှောက်လွှာပြည့်စုံအောင် အကူအညီလိုသူများအတွက် ငွေကြေးအတိုင်ပင်ခံများက အကူအညီပေးရန် အသင့်ရှိနေပါသည်။ အလုပ်ချိန်များ- တနင်္လာ – သောကြာ နံနက် 8:00 – ညနေ 4:30

- **Bronson Battle Creek ဆေးရုံ** – 269-245-8124
  300 North Avenue, Battle Creek, MI
  ငွေကြေးအတိုင်ပင်ခံများသည် Greeter Desk (ဧည့်ကြိုဌာန) အကျော်၊ မှတ်ပုံတင်ဌာန၏ ညာဘက်တွင် ရှိပါသည်။ Emmett လမ်းရှိ ကားပါကင်ဝင်ပေါက်ရှိသည့် ပြင်ပလူနာဌာနဝင်ပေါက်ကို ဖြတ်၍ဝင်ရောက်ပါ။
- **Bronson Lakeview ဆေးရုံ** – 269-657-1532
  408 Hazen Street, Paw Paw, MI
  ငွေကြေးအတိုင်ပင်ခံများက ပြင်ပလူနာမှတ်ပုံတင်သောနေရာ၏ ပထမထပ်၊ မြောက်ဘက်ဝင်ပေါက်တွင် ရှိပါသည်။
- **Bronson Methodist ဆေးရုံ** – 269-341-6120
  601 John Street, Kalamazoo, MI
  ငွေကြေးအတိုင်ပင်ခံများသည် ပထမထပ် Medical Office Pavilion (ဆေးဘက်အရာရှိရုံးအဆောင်)၊ Main Information Desk (ပင်မစုံစမ်းမေးမြန်းရေးဌာန) နောက်ဘက်ရှိ ငွေရေးကြေးရေးဝန်ဆောင်မှုရုံးအတွင်း ရှိပါသည်။
- **Bronson South Haven ဆေးရုံ –** 269-639-2990
  955 South Bailey Avenue, South Haven, MI
  ငွေကြေး အတိုင်ပင်ခံများသည် ပထမအလွှာရှိ ငွေစာရင်းရုံးတွင် ရှိပါသည်။ စာရင်းသွင်း သို့မဟုတ် HIM ဝင်းဒိုးကို ကြည့်ပါ။